# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## ပဥ္စမနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၇၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၃-၈-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများ အစည်းအဝေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေး။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ စက်မှုဝန်ကြီးဌာနနှင့် ဘတ်ဂျက်စိစစ်ရေးကိစ္စဆောင်ရွက်ရန်။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒုတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာ နေ့အခမ်းအနားတက်ရောက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ မြို့နယ်ပြန်လည်စွန့်လွှတ်မြေများကိစ္စ အကြိုညှိနှိုင်းအစည်းအဝေးနှင့် ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ အိန္ဒိယနယ်စပ်လမ်းတွင် လုံဝသိခ်နှင့် ဂမ်းညကြားရှိ ဝါးချောင်းကိုလည်းကောင်း၊ ဂမ်းညနှင့် ယမ်းကြုန်းကြားရှိ ယမ်းကြုန်းချောင်း ကိုလည်းကောင်း ပေ(၁၀၀)ရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ အိန္ဒိယနယ်စပ်လမ်းတွင် လုံဝသိခ်နှင့် ဂမ်းညကြားရှိ ဝါးချောင်းကိုလည်းကောင်း၊ ဂမ်းညနှင့် ယမ်းကြုန်းကြားရှိ ယမ်းကြုန်းချောင်း ကိုလည်းကောင်း ပေ(၁၀၀)ရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းမှာ မြန်မာ-အိန္ဒိယနယ်စပ်လမ်းတွင် ချောင်းကူး တံတား၊ ဘေလီတံတား(၂)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂဒေသဟာ ခေတ်အဆက်ဆက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့မှာ လွန်စွာနောက်ကျ ကျန်ရစ်ခဲ့သော ဒေသဖြစ်ပါသော်လည်း ယနေ့အချိန် နယ်စပ်ဒေသအချို့တို့မှာ ကားလမ်းတစ်ကြောင်းထိုး ရောက်ရှိနေပြီဖြစ်တဲ့အတွက် ဒေသခံ ပြည်သူများမှာ ဝမ်းမြောက်ဝမ်းသာနေကြပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ ၎င်းလမ်းတွင် ဘေလီတံတား (၂)စင်း ဆောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ လွယ်ကူစွာ သွားလာနိုင်မှာ ဖြစ်ပြီး ရောင်းဝယ်ရေးများ အဆင်ပြေချောမွေ့လာမှာဖြစ်ကြောင်းနှင့် ယမ်းကြုန်းကျေးရွာရှိ မြန်မာတပ်နှင့် လုံဝသိခ်ကျေးရွာရှိ အိန္ဒိယတပ်တို့သည် တစ်လ တစ်ကြိမ် တွေ့ဆုံပွဲ ဆောင်ရွက်နေခြင်းကြောင့်လည်း လုံခြုံစိတ်ချစွာ သွားလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖောက်လုပ်လျက်ရှိသော အိန္ဒိယနယ်စပ်မျဉ်းပေါ်တွင်ရှိသော လုံဝသိခ်ကျေးရွာနှင့် ဂမ်းညကျေးရွာကြား ဝါးချောင်းခန့်မှန်းပေ(၁၀၀) တံတားတစ်စင်း၊ ဂမ်းညကျေးရွာနှင့် ယမ်းကြုန်းအကြား၊ ယမ်းကြုန်းချောင်း ခန့်မှန်းပေ(၁၀၀)ရှိ ဘေလီ တံတားတစ်စင်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘေလီတံတား ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံး-ဆဂါပါ ကျောက်ခင်းလမ်း(၃)မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင် က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံး-ဆဂါပါ ကျောက်ခင်းလမ်း(၃)မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိ၏ မဲဆန္ဒနယ်ဖြစ်သော ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ နယ်စပ်မြို့ဖြစ်သော ဆဒုံးမြို့သည် တောင်ပေါ်ဒေသဖြစ်၍ ဆက်စပ်ကျေးရွာများနှင့် ဆက်သွယ်သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး များစွာ ခက်ခဲလျက်ရှိပါတယ်။ ဆဒုံးမြို့နှင့် ဆဂါပါကျေးရွာသည် ခန့်မှန်း(၃)မိုင်ခန့် ကွာဝေးလျက် တောင်ကြားမြေပြန့်တွင်တည်ရှိပြီး လမ်းအဆင့်မှာ ကျောက်ခင်းလမ်း ဖြစ်ပါတယ်။ တောင်ပေါ်မိုးများဒေသဖြစ်၍ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများလည်း သွားလာရခက်ခဲတဲ့အခြေအနေမှာ လမ်းအဆင့်မြှင့်တင်ပေးဖို့ လိုလားလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆဒုံးမြို့နှင့် ဆဂါပါကျေးရွာကြားရှိ ဆက်သွယ်ထားသော ကျောက်ခင်းလမ်း (၃)မိုင်ခန့်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ တပ်ကြီးကျေးရွာမှ ညောင်ကောက်ကျေးရွာအထိ မြေသားလမ်း(၁)မိုင်အား ကျောက်ချောလမ်းအဖြစ်နှင့် ကျန်ကျောက်ချောလမ်း(၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ တပ်ကြီးကျေးရွာမှ ညောင်ကောက်ကျေးရွာအထိ မြေသားလမ်း(၁)မိုင်အား ကျောက်ချောလမ်းအဖြစ်နှင့် ကျန်ကျောက်ချောလမ်း(၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ တပ်ကြီးနှင့် အင်းငယ်ရွာကြားမှာရှိတဲ့လမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ကနေ သွားလိုက်လို့ရှိရင် တပ်ကြီးကျေးရွာကို ရောက်ရှိပါတယ်။ တပ်ကြီးကျေးရွာကနေ အင်းငယ်ရွာကြားလမ်းဟာ (၉)မိုင် ရှိပါတယ်။ အဲဒီ (၉)မိုင်အတွင်းမှာ တပ်ကြီးရွာမှာ ကျောက်ချောလမ်း(၁)မိုင်ကို နယ်စပ်ရေးရာဝန်ကြီး ဌာနက ဖောက်လုပ်ထားပေးပြီး ဖြစ်ပါတယ်။ တပ်ကြီးနှင့်သိမ်ကုန်းကြားကိုတော့ ကျွန်မတို့ လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကနေပြီးတော့မှ မြေသားလမ်း(၁)မိုင် ဖောက်လုပ်ထားပေးပါတယ်။ သိမ်ကုန်းက နေပြီးတော့မှ ညောင်ကောက်ကို ကျေးလက်ကနေပြီးတော့မှ (၂)မိုင်ကျောက်ချောလမ်း ဖောက်လုပ် ထားပေးပါတယ်ရှင်။ ညောင်ကောက်ကနေပြီးတော့မှ အင်းငယ်ကို (၅)မိုင်ရှိတဲ့လမ်းကို ကတ္တရာ အဆင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လုပ်ဆောင်ထားပေးပြီး ဖြစ်ပါတယ်။

ကျွန်မတို့ ပင်းတယမြို့နှင့် တပ်ကြီးရွာအထိကို ကတ္တရာလမ်းရှိပြီးတော့မှ ညောင်ကောက် ကနေအင်းငယ်အထိ ကတ္တရာလမ်းရှိပြီး ကြားထဲမှာ ပြတ်တောက်နေတဲ့ ဒီ(၄)မိုင်ကျန်ရှိနေတဲ့လမ်းမှာ မြေသားလမ်း(၁)မိုင်ကို ကျောက်ချောလမ်းအဆင့်နှင့် ကျန်တဲ့ကျောက်ချောလမ်း(၃)မိုင်ကို ကတ္တရာ လမ်းအဆင့်အထိ တိုးမြှင့်ပေးမယ်ဆိုရင် ဒီလမ်းကို အသုံးပြုနေတဲ့ ကျေးရွာ(၁၄)ရွာမှ ဒေသခံ ဓနု တိုင်းရင်းသားတွေဟာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင်ပြေချောမွေ့လာမှာ ဖြစ်တဲ့ အတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်သန်းထွင့် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် မေးမြန်းထားတဲ့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ အိန္ဒိယ နယ်စပ်လမ်းမှာ (လုံဝသိခ်နှင့် ဂမ်းည) ဝါးချောင်းနှင့် (ဂမ်းညနှင့် ယမ်းကြုန်း) ယမ်းကြုန်းချောင်းတို့မှာ

(၁၀၀)ပေရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ နာဂဒေသအတွက်ကို ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၃၀၂၀.၂၃၂၇)သန်းဖြင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၃၂၀၄.၈၅၇)သန်းဖြင့်လည်းကောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါတယ်။ ထို့အတူပဲ နာဂဒေသအတွက် ကျွန်တော်တို့ အိန္ဒိယ နိုင်ငံက ထောက်ပံ့ပေးအပ်သည့် ပထမအကြိမ် ထောက်ပံ့ငွေကျပ် (၁၇၄၈.၈၄၉၂)သန်း၊ ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် (၂၃၁၁.၃၃)သန်း၊ တတိယအကြိမ် ထောက်ပံ့ငွေကျပ် (၂၈၇၉.၁၅၁)သန်းတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ (၆)လ ဘတ်ဂျက်မှာလည်း မြေလမ်း(၁၂)မိုင်၊ ကျောက်လမ်း(၆)မိုင်၊ Box Culvert (၃၇)စီးနှင့် မီးရရှိရေးလုပ်ငန်း(၁)ခုတို့ကို ခွင့်ပြုရန်ပုံငွေကျပ် (၁၂၃၃.၆၁၀)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၁၂)လမှာ နာဂဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်(၃၃၇၇.၃၆၆)သန်းကို အဆိုပြု လျာထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ အိန္ဒိယနယ်စပ် လမ်းမှာရှိတဲ့ ဝါးချောင်းနှင့် ယမ်းကြုန်းချောင်းတို့မှာ (၁၀၀)ပေရှိ ဘေလီတံတား (၂)စင်း တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ ကျွန်တော်တို့ မြေပြင်ကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသလို ပေ(၁၀၀) မရှိပါဘူး။ ပေ(၆၀)သာရှိတဲ့ တံတားနှစ်စင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတားနှစ်စင်းကို အိန္ဒိယနိုင်ငံမှ ကျွန်တော်တို့ကိုပေးအပ်တဲ့ စတုတ္ထအကြိမ်မြောက် အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် အထောက်အပံ့လုပ်ငန်းစာရင်းမှာ ကျွန်တော်တို့ လျာထားပြီးဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇယ်ခေါင် ရဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ ဆဒုံး-ဆင်္ဂါပါ ကျောက်ခင်းလမ်း(၃)မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ဆဒုံး-ဆင်္ဂါပါ ကျောက်ခင်းလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဟာ ဆဒုံးမြို့ အမှတ်(၄)ရပ်ကွက်မှ ဆင်္ဂါပါကျေးရွာ ချောင်းကူးတံတားအထိ (၃/၃)မိုင် ရှိပါကြောင်းနှင့် လမ်းပိုင်းရှိ အချို့နေရာများမှာ (၂၂)ပေအကျယ်ရှိပါတယ်။ ဒါပေမဲ့ အချို့ နေရာမြေတွေဟာ (၁၂)ပေအကျယ်ခန့်သာရှိတဲ့အတွက် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရန် မြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ပြီးမှသာ ကျောက်လမ်း၊ ကတ္တရာလမ်းအဆင့်ဆင့် ဆောင်ရွက် သွားရမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ တစ်နေ့ကို မော်တော်ယာဥ်(၁၀)စီးခန့်သာ ဖြတ်သန်း အသုံးပြုလျက်ရှိကြောင်း စိစစ်သိရှိရပြီး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါက ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၃၇၅)အိမ်၊ လူဦးရေ(၂၀၁၀)ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ဖို့ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ၎င်းဒေသဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အခြေပြုရာ နယ်မြေနှင့် နီးကပ်စွာတည်ရှိနေသောကြောင့် အဆိုပါလမ်းဖောက်လုပ်ရေးကို နယ်မြေလုံခြုံရေးအခြေအနေအရ လတ်တလောဆောင်ရွက်ရန် မသင့်သေးပါကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိသည့်အချိန်မှသာ စဉ်းစားဆောင်ရွက်သင့်သည့် လမ်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ရဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာ ရှိတဲ့ တပ်ကြီးကျေးရွာမှ ညောင်ကောက်ကျေးရွာအထိ မြေလမ်း(၁)မိုင်အား ကျောက်ချောလမ်းအဖြစ်နှင့် ကျန်ကျောက်ချောလမ်း(၃)မိုင်အား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပင်းတယမြို့နယ်၊ တပ်ကြီးကျေးရွာမှ သိမ်ကုန်းကျေးရွာ၊ ညောင်ကောက်ကျေးရွာအထိ လမ်းအပိုင်းဟာ ရပ်စောက် - ပင်းတယ လမ်းမကြီးမှ ခွဲထွက်ပြီး ကောင်းဘို့ကျေးရွာမှ ပင်းတယမြို့နယ်၊ အင်းငယ် - ရွှေပုထိုး - ညောင်ဝန်း - ပိန္နဲကုန်း - ညောင်ကောက် - ဖနံ - သိမ်ကုန်း - တပ်ကြီးကျေးရွာများသို့ ဆက်သွယ်တဲ့လမ်းကြောင်းပေါ်မှာ တည်ရှိပါတယ်။ ရပ်စောက်မြို့နယ်၊ ကောင်းဘို့မှ အင်းငယ် - ရွှေပုထိုး - ညောင်ဝန်း - ညောင်ကောက် အထိ ဆက်စပ်လမ်းအပိုင်း(၅)မိုင်ကို ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာလမ်း ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ညောင်ကောက်-ဖနံ-သိမ်ကုန်း-တပ်ကြီးလမ်းပိုင်းသည် (၃)မိုင်ရှည်လျားပြီး ညောင်ကောက်မှ သိမ်ကုန်းအထိ(၂)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၁၂)ပေအကျယ် ကျောက်ခင်းလမ်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။ သိမ်ကုန်းမှ တပ်ကြီးအထိ (၁)မိုင်ကို လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း(၅၀)ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၂၆)ပေအကျယ် မြေလမ်းဆောင်ရွက်ပေးခဲ့ကြောင်း ဒေသရဲ့ စိစစ်တင်ပြချက်အရ သိရှိရပါတယ်။ အဆိုပါ ပင်းတယမြို့နယ်အတွင်းရှိ တပ်ကြီးကျေးရွာမှ ညောင်ကောက်ကျေးရွာလမ်းပိုင်း (၃)မိုင်အနက် သိမ်ကုန်းမှ တပ်ကြီးအထိ မြေလမ်း(၁)မိုင်အား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်း(၃)မိုင်အား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရဲ့ တင်ပြချက်အပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံ တင်ပြလာပါက ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကစတင်ပြီး အပိုင်းလိုက် စိစစ်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်၏ ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်၏ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဒုတိယဝန်ကြီးကို ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်ရဲ့ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

ကလေးလေဆိပ်ဟာဆိုရင် ချင်းပြည်နယ်မြောက်ပိုင်းကပြည်သူများနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အနောက်ဘက်ပိုင်းကပြည်သူများ လေကြောင်းခရီးဖြင့် ခရီးသွားလာရေးကို ဝန်ဆောင်မှုပေးတဲ့လေဆိပ်ဖြစ်ပြီးတော့ စည်ကားလျက်ရှိပါတယ်။ လေဆိပ်အဆောက်အဦရဲ့ ပရဝဏ်ဟာလည်း အဆင့်မြှင့်တင်ရန် လိုအပ်လှပါတယ်။ ကျွန်တော်တို့ ဒီလေဆိပ်ကနေ လေဆိပ် Arrival ပိုင်းမှာသော်လည်းကောင်း၊ Departure အပိုင်းမှာသော်လည်းကောင်း အဆင်မပြေမှုများစွာရှိပါတယ်။ ကျွန်တော်တို့ လေဆိပ်ကနေ ထွက်ခွာ Arrival ပိုင်းမှာ မိုးရာသီမှာ ကျွန်တော်တို့ ထွက်ခွာတဲ့အချိန် ပစ္စည်းများရွေးယူတဲ့အချိန်မှာ ရွှံ့ထဲ၊ ဗွက်ထဲကနေ ရွေးယူရပြီးတော့ ဒီလေဆိပ်အဆောက်အဦကနေ ထွက်တဲ့အချိန်မှာလည်း ဆင်ဝင်မရှိတဲ့အတွက်ကြောင့်သော်လည်းကောင်း၊ ပြီးတော့ ဒီကွန်ကရစ် မခင်းတဲ့အတွက်သော်လည်းကောင်း ဒီလိုမျိုး မိုးထဲ၊ လေထဲကနေဖြတ်ပြီးတော့ ထွက်ခွာရပါတယ်။ ဒီ ရွှံ့ထဲ၊ ဗွက်ထဲကို ကျော်ဖြတ်ပြီးတော့ ထွက်ခွာရပါတယ်။ ဒီလိုမျိုး အဆင်မပြေမှုပေါင်းများစွာ ရှိပါတယ်။ ပြီးတော့ Departure ပိုင်းမှာလည်း ကျွန်တော်တို့ လေဆိပ်ကို Check-in လုပ်တဲ့အချိန်မှာ အဆင်မပြေမှုများစွာ ရှိပါတယ်။

ကျွန်တော်တို့ ကလေးလိုမျိုး လေဆိပ်မှာတော့ များသောအားဖြင့် ကျွန်တော်တို့ Passenger တွေက Flight Delay ပေါ့။ လေယာဉ်ဆင်းသက်တာကို နောက်ကျတဲ့အချိန်မှာ အကြာကြီးစောင့်ဆိုင်းနေရပါတယ်။ လေဆိပ်ထဲမှာ။ ဒီလိုမျိုး အချိန်မှာလည်း ကျွန်တော်တို့ လေဆိပ်ထဲမှာလည်း လေအေးစက်မရှိ၊ စားသောက်ဆိုင်မရှိ၊ သန့်စင်ခန်းမကောင်းတဲ့ အခက်အခဲတွေပေါ့နော်။ ဒီလိုမျိုးများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော် အကြံပြုလိုတာကတော့ နိုင်ငံတော်မှာ ဘတ်ဂျက်မရှိဘူးဆိုရင်လည်း သူက Airport Tax ကို နည်းနည်းယူလိုက်လို့ရှိရင်၊ ကျွန်တော်တို့ နေ့စဉ် လေဆိပ် အဆင်း၊ အတက် ရှိပါတယ်။ တစ်ရက်မှာ အနည်းဆုံး လူ(၁၀၀)လောက်တော့ အဆင်း၊ အတက် ရှိပါတယ်။ အဲဒီ

Airport Tax ကနေတောင်မှ Maintenance ကို ကောင်းကောင်းလည်း လုပ်လို့ရမယ်လို့ ကျွန်တော် ထင်ပါတယ်။ ပြီးတော့ အဲဒီပရဝဏ်မှာလည်း ဒီကွန်ကရစ်ခင်းပေးတာတို့၊ ဆင်ဝင်လုပ်ပေးတာတို့၊ ဆိုက်ရောက်တဲ့အချိန်မှာသော်လည်းကောင်း၊ ထွက်ခွာတဲ့အချိန်မှာသော်လည်းကောင်း လွယ်လွယ်ကူကူနဲ့ ကျွန်တော်တို့ လုပ်လို့ရတဲ့အပိုင်းတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ပြည်သူများ လေကြောင်းခရီးဖြင့် ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရန် ကလေးလေဆိပ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည့် ဟင်္သာတ - လှိုင်သာယာ မီးရထားလမ်းအား ပြန်လည် ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည့် ဟင်္သာတ - လှိုင်သာယာ မီးရထားလမ်းအား ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ စက္ကော၊ ညောင်တုန်း၊ ရန်ကုန် (လှိုင်သာယာ) မီးရထားလမ်းဟာ ခရီးမိုင်အားဖြင့် မိုင်(၉၀)နီးပါး ရှည်လျားပြီးတော့ ၁၀-၁၁-၂၀၀၉ ရက်နေ့မှာ စတင်တည်ဆောက်ခဲ့တယ်လို့ ဆိုပါတယ်။ ၂၄-၅-၂၀၁၄ ရက်နေ့မှာ ပြီးစီးခဲ့ပြီးတော့ ပြေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီရထားလမ်းဟာ စက္ကော - ဧရာဝတီ(ညောင်တုန်းတံတား) အပါအဝင် ပေ(၄၀) အထက် တံတား(၆)စင်း၊ ပေ(၄၀)အောက် တံတား(၂၀၉)စင်း၊ စုစုပေါင်းတံတား(၂၁၅)စင်း ပါဝင်ကြောင်းသိရှိရပါတယ်။ ခရီးလမ်းတစ်လျှောက် ရထားဖြတ်သန်းတဲ့ ဘလောက်ဘူတာ(၁၄)ခုနှင့် ရပ်စခန်းဘူတာ(၁)ခု၊ စုစုပေါင်း(၁၅)ခုရှိကြောင်းလည်း သိရှိရပါတယ်။

စုစုပေါင်း ကုန်ကျငွေဟာဆိုလို့ရှိရင် ၃၀-၁၀-၂၀၁၆ ရက်နေ့အထိ ကုန်ကျငွေစုစုပေါင်းဟာ တောင်းခံကြည့်တဲ့စာရင်းအရ ကုန်ကျငွေစုစုပေါင်းမှာ ကျပ်(၂၆၄၉၉.၅၉၆)သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ ၂၄-၅-၂၀၁၄ ရက်နေ့မှာ စတင်ပြေးဆွဲခဲ့တဲ့ ဟင်္သာတ - လှိုင်သာယာ မီးရထားခရီးစဉ်ဟာ (၂)နှစ်ခန့်အကြာ၊ ၁၁-၆-၂၀၁၆ ရက်နေ့မှာ အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းခဲ့ရတယ်ဆိုတာ သိရပါတယ်။ အဆိုပါ မီးရထားလမ်းဟာ ပြုပြင်ထိန်းသိမ်းမှု မရှိတဲ့အတွက် ယခုအခါမှာ Facebook စာမျက်နှာတွေမှာ ရထားလမ်းနှင့် ဘူတာရုံအဆောက်အဦတွေ ပျက်စီးချို့ယွင်း နေတယ်ဆိုတာကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရပါတယ်။

Power Point သုံးစွဲတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါ အသုံးမပြုဘဲထားတဲ့ တံတားကြီးပါ။ ရထားသွားတဲ့တံတား ဖြစ်ပါတယ်။ ကားပေါ်ကနေ ကျွန်တော်ကိုယ်တိုင် ရိုက်ခဲ့တဲ့ဓာတ်ပုံ ဖြစ်ပါတယ်။ ဒါက ရထားလမ်း ပျက်စီးနေတဲ့ပုံတွေပါ။ ဒါ ရထားလမ်း ပျက်စီးနေတဲ့ပုံ။ ဒါ ရေကျော်နေတဲ့ပုံတွေ။ ဒါ ရထားလမ်းပျက်စီးနေတဲ့ပုံတွေပါ။ ဒါကတော့ ကျွန်တော် ကားပေါ်ကနေ ပြီးတော့ မှတ်တမ်းဓာတ်ပုံ ရိုက်ထားတဲ့ပုံလေးပါ။ ရထားမသွားဘဲနဲ့၊ အသုံးမပြုဘဲနဲ့ ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါက အသုံးမပြုဘဲနဲ့ ပိတ်ထားရတဲ့အနေအထားမျိုးကို ပြသထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ သုံးစွဲ၊ ကုန်ကျငွေစာရင်း ဖြစ်ပါတယ်ခင်ဗျား။

အဲဒီတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကျပ်သန်းပေါင်း (၂၇၀၀၀)နီးပါး ကုန်ကျခံပြီးတော့ ဆောက်လုပ်ခဲ့တဲ့ ဟသ်ာတ - လှိုင်သာယာ မီးရထားလမ်းဟာ အခုဆိုလို့ရှိရင် သဲထဲရေသွန်သလို ဖြစ်နေပြီးတော့ များစွာပျက်စီး ဆုံးရှုံးနေတာကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေဟာ ပြည်သူတွေရဲ့ အခွန်ငွေတွေဖြစ်ပါတယ်။ ဒီငွေတွေကို မြောက်များစွာသုံးစွဲပြီးတော့ လုပ်ခဲ့တဲ့ ရထားလမ်းဟာ ယခုအချိန်မှာ ဘယ်လိုမှသုံးစွဲလို့မရနိုင်အောင် ပျက်စီးနေတဲ့အတွက် သေချာစွာ ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ အထူးလိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ကျွန်တော်တို့ ဟသ်ာတ - လှိုင်သာယာ ရထားလမ်းပိုင်းကို စိတ်ချလုံခြုံစွာ ပြန်လည် ပြုပြင်ထိန်းသိမ်း တည်ဆောက်ပြီးတော့ အသစ်ထပ်မံပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ၊ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုတဲ့အတွက် ပြည်သူတွေရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရထားလမ်းပျက်စီးနေသည့်ပုံ (ဃ)



အသုံးမပြုဘဲ ပိတ်ထားသည့် မြင်ကွင်းပုံ (ဃ-၁)



ဟသ်ာတနှင့် လှိုင်သာယာ မီးရထားလမ်း ဖောက်လုပ်မှုဆိုင်ရာ အချက်အလက်များ ပြပုံ (ဃ-၂)

၁။ လုပ်ငန်းစတင်သည့်ရက်      - ၁၀.၁၁.၂၀၀၉
၂။ လုပ်ငန်းပြီးဆုံးရက်      - ၂၄.၅.၂၀၁၄
၃။ ရထားလမ်းမိုင်ရှည်      - ၈၈.၅၁ မိုင်
၄။ နှစ်စဉ်ကုန်ကျသည့် ဘတ်ဂျက်ငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ဘဏ္ဍာနှစ် | ကုန်ကျငွေ (ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၀၉ - ၂၀၁၀ | ၂၅၇.၀၇၇ | |
| ၂ | ၂၀၁၀ - ၂၀၁၁ | ၄၁၄၃.၉၄၀၅ | |
| ၃ | ၂၀၁၁ - ၂၀၁၂ | ၉၄၁၇.၉၀၃ | |
| ၄ | ၂၀၁၂ - ၂၀၁၃ | ၃၉၃၃.၀၂၁ | |
| ၅ | ၂၀၁၃ - ၂၀၁၄ | ၁၀၈၇.၉၃၀ | |
| ၆ | ၂၀၁၄ - ၂၀၁၅ | ၄၃၂၅.၉၁၃ | |
| ၇ | ၂၀၁၅ - ၂၀၁၆ | ၂၁၈၄.၃၉၅၅ | |
| ၈ | ၂၀၁၆ - ၂၀၁၇ | ၁၁၆၀.၄၁၆ | (၃၀.၁၀.၂၀၁၆) ထိ |
| | စုစုပေါင်း | ၂၆၄၉၉.၅၉၆ | |

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်၏ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးလေဆိပ်ဟာဆိုရင် လေဆိပ်မြေဧရိယာ(၁၁၂.၄၃၃)ဧကပေါ်မှာတည်ရှိပြီး လက်ရှိကျောက်ကတ္တရာခင်းလေယာဉ်ပြေးလမ်း (၇၀၀၀ x ၁၀၀) ပေပေါ်မှာ ATR-72 လေယာဉ်များ ဆင်း/တက် အသုံးပြုလျက်ရှိပါတယ်။

ကလေးမြို့လေယာဉ်ကွင်းကို ၁၉၄၅ ခုနှစ်မှာ (၂၄၈၀ x ၁၀၀)ပေ အမာခံမြေသားလမ်းအဖြစ် စတင်တည်ဆောက်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှစတင်၍ လေယာဉ်ပြေးလမ်းကို အဆင့်ဆင့်တိုးချဲ့၍ အဆင့်မြှင့်တင် တည်ဆောက်ခဲ့ရာ ၁၉၉၈ ခုနှစ်မှာ ပေ(၅၅၀၀) အလျားရှိတဲ့ ကျောက်ကတ္တရာလေယာဉ်ပြေးလမ်း ရရှိခဲ့ပါတယ်။ လက်ရှိ (၁၂၀ x ၆၀)ပေရှိ တစ်ထပ် သံကူကွန်ကရစ်လေဆိပ်အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းကို ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၂ ခုနှစ်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ (၁၅)ပေပတ်လည် ပေ(၅၀)အမြင့်ရှိ လေကြောင်းထိန်းမျှော်စင်အဆောက်အဦကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၈)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

လေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင်ရေးအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လေယာဉ်ပြေးလမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် အလျားပေ(၇၀၀၀) ရရှိသည်အထိ တိုးချဲ့ခြင်းလုပ်ငန်းတို့ကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းခွင့်ပြုရန်ပုံငွေ ကျပ်(၅၃၅၇.၂၀၈)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ကလေးလေဆိပ်မှာ လေယာဉ်များလုံခြုံစွာ ဆင်းသက်လှုပ်ရှားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၄၀)ဖြင့် လေယာဉ်ပြေးလမ်းတောင်ဘက် (၂၄၄၈)ပေကို ချိန်းလင့်လုံခြုံရေး ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လကုန်အထိ လုပ်ငန်းများအားလုံးရဲ့ (၇၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လေယာဉ်ပြေးလမ်း တောင်ဘက်နှင့် အနောက်ဘက် (၄၃၆၂)ပေကို ချိန်းလင့်လုံခြုံရေးခြံစည်းရိုး ကာရံခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သန်း(၇၀)လျာထား၍ တင်ပြတောင်းခံထားပါတယ်။ ကလေးလေဆိပ် လေယာဉ်ပြေးလမ်းကို Y-8 အမျိုးအစား လေယာဉ်ကြီးများအထိ ဆင်း/တက်အသုံးပြုနိုင်ရန်အတွက် (၈)လက်မထု ထပ်ပိုးလွှာတင်ခြင်းနှင့် လက်ရှိ (၃၀၀ x ၂၀၀)ပေ လေယာဉ်ရပ်နားနေရာမှာ ATR-72 လေယာဉ်(၂)စီးသာရပ်နားနိုင်သဖြင့် လေယာဉ်စီးရေ ပိုမိုရပ်နားနိုင်ရန်အတွက် (၆၀၀ x ၂၀၀)ပေအထိ တိုးချဲ့ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လျာထားချက်ရှိပါတယ်။ ကလေးလေဆိပ်သို့ လက်ရှိမှာ ပြည်တွင်းလေကြောင်းလိုင်း(၂)ခုဖြစ်တဲ့ မြန်မာအမျိုးသားလေကြောင်းကနေ တစ်ပတ်(၄)ရက်၊ Air KBZ လေကြောင်းလိုင်းက တစ်ပတ်(၆)ရက် အသီးသီးပျံသန်းလျက်ရှိပါတယ်။

ကလေးလေဆိပ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခရီးသည်(၆၀၉၆၄)ဦး ဝင်/ထွက် အသုံးပြုခဲ့ပြီး လွန်ခဲ့တဲ့(၃)နှစ်အတွင်း ပျမ်းမျှနှစ်စဉ် ခရီးသည်ဦးရေတိုးတက်မှုနှုန်းဟာ (၁၁)ရာခိုင်နှုန်း ရှိကြောင်းနှင့် လက်ရှိခရီးသည် အဆောက်အအုံဧရိယာနဲ့ ဝင်/ထွက်တဲ့ ခရီးသည်ဦးရေဟာ ယခုအချိန် အထိ လုံလောက်မှုရှိသေးကြောင်း တွေ့ရှိရပါတယ်။ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် နှစ်စဉ်ခွင့်ပြုရရှိခဲ့တဲ့ ရန်ပုံငွေအပေါ်မူတည်၍ လေယာဉ်စီးခရီးသည် အဝင်/အထွက် များတဲ့ အခြားပြည်တွင်းလေဆိပ်များ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရ ခြင်းကြောင့်လည်းကောင်း၊ ရှေ့မှာ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း ကလေးလေဆိပ်အတွက် အသုံးပြု ဆင်းသက်နေတဲ့ လေယာဉ်နဲ့ခရီးသည်များ ဘေးကင်းလုံခြုံရေး ဦးစားပေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ (၁၁)နှစ်တာကာလ အတွင်း ကလေးလေဆိပ် ခရီးသည်အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းအတွက် သာမန်အသုံးစရိတ် စုစုပေါင်း ကျပ်(၁၁)သန်းသာ သုံးစွဲနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက် အရ လေဆိပ်အဆောက်အအုံရဲ့ အထွက်ခရီးသည်များ စောင့်ဆိုင်းနားနေခန်းမှာ ဌာနရှိ ပြုပြင်ပြီး (၁၀)တန် လေအေးပေးစက်တစ်လုံးကို အမြန်ဆုံး တပ်ဆင်ပေးသွားမည် ဖြစ်သည့်အပြင် ကလေး လေဆိပ်သို့ တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်များနဲ့ နှစ်စဉ်တိုးတက်လာမယ့် ခရီးသည်ဦးရေကို မျှော်မှန်းပြီးတော့ လက်ရှိလေဆိပ်အဆောက်အအုံ (၁၂၀ x ၆၀)ပေကို (၁၂၀ x ၁၀၀)ပေ ရရှိတဲ့အထိ တိုးချဲ့ခြင်းနှင့် အဆောက်အအုံပြုပြင်ခြင်း လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း(၄၀၀)နဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း(၃၀၀)လျာထားမှုရှိပါကြောင်းနဲ့ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါ။ ဒီပုံကတော့ ကျွန်တော်တို့ ၂၀၀၂ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ လက်ရှိ ကလေးလေဆိပ် အဆောက်အအုံရဲ့ ပုံစံဖြစ်ပါတယ်။ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ ဒီ လေဆိပ်အဝင်နေရာမှာ ကျွန်တော်တို့ ဆင်ဝင်မရှိကြောင်း တွေ့ရှိရပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ကစပြီး တော့ တိုးချဲ့ပြုပြင် တည်ဆောက်မယ့် အဆောက်အအုံပုံစံ ဖြစ်ပါတယ်။ ဒီမှာဆိုရင်တော့ ကျွန်တော်တို့ ခုန အပေါ်ဘက်ကတော့ ကားလမ်းဝင်တဲ့ဘက် ဖြစ်ပါတယ်။ အဲဒီမှာဆိုရင်တော့ ကျွန်တော်တို့ ဆင်ဝင်ကို ထည့်ပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး ဒီမှာ စားသောက်ဆိုင်၊ နောက်ပြီးတော့ ဆိုက်ရောက်နှင့် ထွက်ခွာ ခရီးသည်ခန်းတွေမှာ ကျွန်တော်တို့ သန့်စင်ခန်း လုံလုံလောက်လောက်ရှိအောင်လို့ ကျွန်တော်တို့ ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တိုးချဲ့တည်ဆောက်မယ့် အဆောက်အအုံ ပုံစံ ဘေးတစ်ဖက်တစ်ချက်ကနေ တွေ့မြင်ရမယ့်ပုံစံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တိုးချဲ့ တည်ဆောက်မယ့် အဆောက်အအုံပုံစံ အရှေ့ဘက်နှင့် အနောက်ဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။

တင်ပြပါအတိုင်း ကလေးလေဆိပ် ခရီးသည်အဆောက်အအုံကို တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ အဆောက်အအုံသို့ ကားအဝင်၊ အထွက်လမ်း ပြုပြင်ခြင်း၊ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို ကျွန်တော်တို့ အမာခံခင်းခြင်းနှင့် လေအေး

ပေးစက်အသစ်များ တပ်ဆင်ခြင်းတို့ကိုပါ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့တဲ့ ဟင်္သာတ - လှိုင်သာယာမီးရထားလမ်းအား ပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိနှင့် မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ကပဲ ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

လှိုင်သာယာ - ညောင်တုန်း - အိမ်မဲ - ပုသိမ် - (ဘဲကရက်) ရထားလမ်းအပိုင်းနဲ့ ဟင်္သာတ - ဇလွန် - ညောင်တုန်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွေကို ၅-၃-၂၀၁၀ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ လမ်းညွှန်ချက်အရ ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု(Feasibility Study) ပြုလုပ်ခဲ့ရခြင်းမရှိပါ။ အထက်ပါ လမ်းညွှန်ချက်များအရ ရန်ကုန် - လှိုင်သာယာ - ညောင်တုန်း၊ စက္ကော့ - ခနောဖြူ - ဇလွန် - ဟင်္သာတ ရထားလမ်း (၈၉.၇၆)မိုင်ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ်ခဲ့ပါတယ်။ ဟင်္သာတ - ဇလွန်ရထားလမ်းပိုင်း (၁၆.၂၅) မိုင်ကို ၂၁-၇-၂၀၁၀ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီး၊ ရန်ကုန်(လှိုင်သာယာ)- ဟင်္သာတ လမ်းပိုင်းတစ်ခုလုံးကို ၂၄-၅-၂၀၁၄ ရက်နေ့မှာ ဖွင့်လှစ်၍ အမှတ်(၁၇၉) အဆန်နှင့် အမှတ်(၁၈၀) အစုန်ခရီးစဉ်တို့ကို RBE ရထားတစ်စင်းဖြင့် နေ့စဉ် အသွား၊ အပြန် ပြေးဆွဲခဲ့ပါတယ်။ လှိုင်သာယာ - ဟင်္သာတ ရထားလမ်းဟာဆိုရင် ကားလမ်းနဲ့ယှဉ်လျက် တည်ရှိနေခြင်းကြောင့် ကားလမ်းနဲ့အချိန်မရွေး ခရီးသွားရန် လွယ်ကူသဖြင့် ရထားခရီးသည်စီးနင်းမှုမှာ တစ်ရက်လျှင် အမှတ်(၁၇၉) အဆန်ရထားမှ ပျမ်းမျှ(၅)ဦး၊ အမှတ်(၁၈၀) အစုန်ရထား၌ ပျမ်းမျှ(၃)ဦးခန့်သာ စီးနင်းပြီး ဝင်ငွေရရှိမှု နည်းပါးခြင်း၊ စက်သုံးဆီဖိုး တွက်ခြေမကိုက်ခြင်းတို့ကြောင့် အသုံးစရိတ်နှင့် ဝင်ငွေ မမျှတဘဲ အရှုံးများ ဆက်တိုက်ပေါ်ပေါက်ခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ အဲဒီလမ်းအပိုင်းမှာ RBE ရထားပြေးဆွဲမှုကို ၁၁-၆-၂၀၁၆ ရက်နေ့မှာ စတင်ရပ်ဆိုင်းခဲ့ပါတယ်။

လှိုင်သာယာ - ဟင်္သာတ ရထားလမ်းပိုင်း ဖောက်လုပ်ရာမှာ လှိုင်သာယာ - ညောင်တုန်း - စက္ကောလမ်းပိုင်းရှိ ရထားလမ်းတာပေါင်ရဲ့ (၅၀)ရာခိုင်နှုန်းခန့်က မြေနိမ့်ဧရိယာ ရေနက်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ခဲ့ရခြင်း၊ အချိန်တိုအတွင်း ကုန်ကျစရိတ် အနည်းဆုံးဖြစ်ရန် ဆောင်ရွက်ခဲ့ရခြင်း၊ ရထားလမ်းအူကြောင်းဘေးတစ်လျှောက် မြေများကိုသာ ဖို့မြေအဖြစ် အသုံးပြုခဲ့ရခြင်းတို့ကြောင့် မြေအမျိုးအစားမကောင်းသဖြင့် မိုးတွင်းကာလမှာ မြေနိမ့်ကျွံခြင်း၊ တာပေါင်ဖို့မြေများ လျှောကျခြင်းများ ယခုတိုင် ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။ ယနေ့ ခရီးသွားပြည်သူများ နှစ်သက်လိုလားကြတဲ့ ဘူတာသို့ အလွယ်တကူ သွားလာနိုင်ခြင်း၊ ဘူတာ၌ သက်တောင့်သက်သာ နားနေနိုင်ခြင်း၊ ရထားအနေဖြင့် လုံခြုံစိတ်ချမြန်ဆန်ပြီး သက်တောင့်သက်သာရှိခြင်း စတဲ့အဆင့်များကို ရောက်ရှိရန်အတွက် ဘူတာရထားလမ်း

အချက်ပြစနစ်၊ သွားလာရေးစနစ်၊ ခေတ်မီစက်ခေါင်း၊ တွဲဆိုင်းများ အပါအဝင် များပြားတဲ့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အဲဒီလို ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဆိုပါကလည်း ခရီးသည်ရရှိမှု တိုးတက်လာမယ့် အာမခံချက်ကတော့ မရှိနိုင်ပါ။ မြန်မာ့မီးရထားမှာ လှိုင်သာယာ - ဟင်္သာတ ရထားလမ်းပိုင်းတစ်လျှောက် သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေ ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါသိမ်းဆည်းမြေများကို ဌာနမှ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဌာနပိုင် အမည်ပေါက်ရရှိရေးအတွက် မြေစာရင်းပုံစံ (၁၀၅)(၁၀၆) လျှောက်ထားပြီးဖြစ်ပါတယ်။ လှိုင်သာယာ - ဟင်္သာတ ရထားလမ်းပိုင်းဟာ ပိတ်သိမ်းထားတဲ့လမ်းပိုင်းဖြစ်ပြီး ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးသဖြင့် လမ်းပိုင်းတစ်လျှောက်ရှိ သံလမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဇလီဖားများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ဌာနမှ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိမှာ ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိနိုင်မှု အခြေအနေအရ နိုင်ငံရဲ့အဓိက ရထားလမ်းကြောင်းများဖြစ်တဲ့ ရန်ကုန် - မန္တလေး၊ ရန်ကုန် - ပြည်၊ ရန်ကုန် - မော်လမြိုင်၊ မန္တလေး - မြစ်ကြီးနားရထားလမ်းပိုင်းများကို ဦးစားပေး၍ အဆင့်မြှင့်တင်နေရခြင်းကြောင့်လည်းကောင်း၊ လှိုင်သာယာ - ဟင်္သာတ ရထားလမ်းပိုင်းမှာ ရထားခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့်လည်းကောင်း အဆိုပါလမ်းအပိုင်းကို ပြုပြင်တည်ဆောက်ခြင်း၊ ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်အတွင်း ဆွေးနွေးခွင့်ရမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ပေးပို့ထားတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်ပတ်သက်လို့ ဆွေးနွေးမှာဖြစ်ပါတယ်။

ပညာရပ်တစ်မျိုးမျိုးကို ကောင်းစွာကျွမ်းကျင်တတ်မြောက်ပြီး ထိုပညာရပ်နဲ့ လူနှင့် ပတ်ဝန်းကျင်တို့ရဲ့အကျိုးကို ဆောင်ရွက်ကာ မိမိရဲ့ အသက်မွေးဝမ်းကျောင်းမှု ပြုခွင့်ရသူတွေကို ပညာရှင် (Professional) လို့ခေါ်တွင်ပါတယ်။ ပညာရှင်အဖြစ်သတ်မှတ် အသိအမှတ်ပြုခြင်းကို ပညာရပ်ဆိုင်ရာ ကောင်စီ (Professional Councils) တွေက တာဝန်ခံဆောင်ရွက်ရပြီး ပညာရပ်ဆိုင်ရာ ဒီပလိုမာ လက်မှတ်၊ ဘွဲ့တို့ကို သတ်မှတ်ဆုံးဖြတ်ပါတယ်။ သက်ဆိုင်ရာ ပညာရပ်တွေကို လေ့ကျင့်သင်ကြားခြင်း၊ တတ်မြောက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ အသိအမှတ်ပြုလက်မှတ် ဒီပလိုမာ ဘွဲ့ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာ သင်တန်းကျောင်းများ၊ တက္ကသိုလ်များက ဆောင်ရွက်ရပါတယ်။

သက်ဆိုင်ရာ ကောင်စီတို့က အသိအမှတ်ပြုပြီးသူတွေကို ပညာရပ်ဆိုင်ရာ မှတ်ပုံတင် (Professional Registration) ပြုလုပ်ပေးရပါတယ်။ ထို့နောက် ဆိုင်ရာပညာရပ်နှင့် ပတ်သက်တဲ့ လုပ်ပိုင်ခွင့်လိုင်စင် ထုတ်ပေးရပါတယ်။ ဆိုင်ရာပညာရပ်ရဲ့အဆင့်အတန်း (Professional Standard)နှင့် ပညာရှင်တို့ရဲ့ ကျင့်ဝတ် (Ethics) တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း ပညာရပ်ဆိုင်ရာ ကောင်စီတွေက ဆောင်ရွက်ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံမှာ ဆေးကောင်စီ၊ အင်ဂျင်နီယာကောင်စီ၊ သူနာပြုကောင်စီ စသည်တို့နှင့် အလားတူ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဟာလည်း ပညာရပ်ကောင်စီတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းဆေးဆရာတွေအဖြစ် ၁၉၆၂ ခုနှစ်ကနေ ၁၉၆၉ ခုနှစ်အထိ (၃)ဘာသာ အောင်လက်မှတ်ရ (၇၄၈)ဦး၊ ၁၉၉၃ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အထိ (၄)ဘာသာ အောင်လက်မှတ်ရ (၁၇၉၉)ဦး၊ ၁၉၉၈ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ (၁)နှစ်သင်တန်းလက်မှတ်ရ (၁၁၇၈)ဦး၊ ၁၉၇၆ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ တိုင်းရင်းဆေးသိပ္ပံ ဒီပလိုမာရ (၂၁၈၇)ဦး၊ ၂၀၁၈ ခုနှစ်အထိ တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးဘွဲ့ (Bachelor Of Myanmar Traditional Medicine-BMTM) ရရှိသူ (၁၅၁၅)ဦးနှင့် မဟာတိုင်းရင်းဆေးပညာဘွဲ့ (MMTM) ရရှိသူ (၅၁)ဦးတို့ကို သင်ကြားမွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ရရှိဖို့ သတ်မှတ်ချက်အနေနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း ပုဒ်မ ၃၁(က) နှင့် (ခ)တို့မှာ အထက်ပါ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့အားလုံးကို ထည့်သွင်းထားပြီးဖြစ်ပါတယ်။ ဒီ သတ်မှတ်ချက်ဟာ အခြားပညာရပ်ဆိုင်ရာ ကောင်စီတွေရဲ့ ယေဘုယျသတ်မှတ်ပုံ နည်းလမ်းနှင့်လည်း ကိုက်ညီပါတယ်။ မူလဥပဒေကြမ်း ပုဒ်မ ၃၀ ပုဒ်မခွဲ(ဂ)အဖြစ် (ကောင်စီ သို့မဟုတ် တိုင်းရင်းဆေးအသင်းတို့မှ ကျင်းပပြုလုပ်သည့် သင်တန်း သို့မဟုတ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူ)လို့ အထက်ဖော်ပြပါ လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့တို့အပြင် မှတ်ပုံတင်ခွင့် သတ်မှတ်ပေးထားတာကိုလည်း ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။

ဒါပေမဲ့ ပြည်သူ့လွှတ်တော်က ပုဒ်မ ၃၁ ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မ ၁၅ ပုဒ်မခွဲ(စ)အရ (ကောင်စီက သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူ)လို့ ပြန်လည်ထည့်သွင်းထားတာ ရှေ့နောက်မညီ ဖြစ်နေပါတယ်။ ပုဒ်မ ၁၅ ပုဒ်မခွဲ(စ)မှာ ကောင်စီရဲ့ လုပ်ပိုင်ခွင့်အဖြစ် (တိုင်းရင်းဆေးပညာဖြင့်

အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် ကျော်ဇောထင်ရှားပြီး တိုင်းရင်းဆေးဆရာ ဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်း)လို့ ဖြည့်စွက်ထည့်သွင်းထားတာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အဆင့်အတန်း စံသတ်မှတ် ထိန်းသိမ်းဖို့နှင့် ပြည်သူအများ စနစ်တကျ ယုံကြည်လက်ခံ ကျင့်သုံးကြစေဖို့မှာ တိုင်းရင်းဆေးဆရာ တွေရဲ့ ပညာအဆင့်အတန်းသတ်မှတ်ခြင်းအပေါ်မှာ များစွာတည်နေပါတယ်။ ၁၉၆၂ ခုနှစ်ကတည်းက နိုင်ငံတော်က တိုင်းရင်းဆေးဆရာတွေအဖြစ် စနစ်တကျ သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့တာ (၇၅၀၀)ဦးခန့်ရှိပြီဖြစ်ပါတယ်။ ထို့အပြင် တိုင်းရင်းဆေးဆရာမှတ်ပုံတင် စတင်ပြုလုပ်စဉ်အချိန်က ရိုးရာတိုင်းရင်းဆေးဆရာများကိုလည်း စိစစ်ကာ မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခု ၂၁ ရာစု ဒုတိယဆယ်စုနှစ်အရောက်မှာ တိုင်းရင်းဆေးတက္ကသိုလ် အဆင့်အထိ သင်ကြားရေးဌာနများက စနစ်တကျ တိုင်းရင်းဆေးပညာရှင်၊ ဆေးဆရာများ မွေးထုတ်ပေးနေပါ လျက်နှင့် ဥပဒေကြမ်း ပုဒ်မ ၁၅(စ)အရ ဘွဲ့၊ ဒီပလိုမာမရှိဘဲ တိုင်းရင်းဆေးပညာနှင့် အသက်မွေးလျက် ရှိသူများကို ကောင်စီမှ သတ်မှတ်သည့် အရည်အချင်းအရ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ပုဒ်မ ၃၁(ဂ)မှာ ထည့်သွင်းထားခြင်းဟာ လုံးဝ မဖြစ်သင့်ပါ။ နိုင်ငံတကာပညာရပ် ဆိုင်ရာ ကောင်စီများက ကျင့်သုံးနေတဲ့ ပညာရှင် (Professional) အဖြစ် သတ်မှတ်ထားသော စံ၊ စနစ် တို့နှင့်မကိုက်ညီပါ။ မြန်မာတိုင်းရင်းဆေးပညာရပ်နှင့် ပညာရှင်တို့ရဲ့ အဆင့်အတန်းကို နိမ့်ပါးလျော့ကျ စေမှာဖြစ်ပါတယ်။ ထို့အတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းက ပုဒ်မ ၁၅(စ)နှင့် ၃၁(ဂ) တို့ကို ပယ်ဖျက်ပေးပါရန် တင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်းလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေး မယ့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ချက်(၁၂)ချက်၊ အသစ်ဖြည့်စွက်ချက် (၅)ချက်၊ ပယ်ဖျက်ချက် (၄)ခုနှင့် စုစုပေါင်းပုဒ်မ (၂၁)ချက်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို လိုအပ်ရင် အချိန်အနည်းငယ်တိုးပေးဖို့ တောင်းခံအပ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

ဒါက ကျွန်တော် ပုဒ်မ ၂ ဖြည့်စွက်အစားထိုးတာ ဖြစ်ပါတယ်။ ဆေးကုသခွင့်လိုင်စင်ရဲ့ တိုင်းရင်းဆေးဆရာဆိုသည်မှာ ဤဥပဒေအရ ဆေးကုသခွင့်လိုင်စင် တစ်မျိုးမျိုးထုတ်ပေးခြင်းခံရ သူကို ဆိုသည်။ ဝန်ကြီးဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို

ဆိုသည်။ ဒါက ဒါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဘေးဥပါဒ် ဆိုတဲ့ အစိမ်းနှင့်ပြထားတဲ့ ဘေးဥပါဒ် ဆိုတဲ့စာလုံးပေါင်းဝေါဟာရကို ပြင်ဆင်တာ ဖြစ်ပါတယ်။ ဘေးဥပါဒ် ကို ဥပဒ် ကို ပ ရေးချမပါတဲ့ ဥပဒ် နဲ့ ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဘေးဥပါဒ် ဆိုတာကတော့ ဥပဒ္ဒဝ က လာတာပါပဲ။ ဥပဒ္ဒဝ ဆိုတာက ဘေးအန္တရာယ်ကိုဆိုတာ ဝိဂြိုလ်ပမယ်ဆိုရင်တော့ ကြောက်မက်ဖွယ်ကောင်းသော ကပ်၍နှိပ်စက်တတ်သော ဘေးအန္တရာယ်ကို ဆိုတာဖြစ်ပါတယ်။

အခု ဒီမှာ သုံးစွဲထားတဲ့ ပ ရေးချ ဒ သတ် ဥပါဒ်က ဖြစ်ပေါ်စေတဲ့ဟာတွေကို သုံးတာ။ ဘယ်လိုဖြစ်ပေါ်လဲဆိုတော့ စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ လောဘဥပါဒ်၊ ဒေါသဥပါဒ်၊ မောဟဥပါဒ်တွေ ဆိုရင် အဲဒီ ပ ရေးချ ဒ သတ် နှင့်သုံးလေ့ရှိပါတယ်။ ပ ရေးချ ဒ သတ် နှင့် သုံးတယ်ဆိုရင် ကျွန်တော်တို့က ဒါ ဒေါသဥပါဒ်နှင့် ကိလေသာဥပါဒ်တွေ သုံးတဲ့အတွက် ဒေါသဥပါဒ် ရှိသောသူသည် ရုပ်ဆိုး၏ အဲလို သုံးတယ်။ နောက် မိလိန္ဒမင်းကြီး အမေးကို အရှင်နာဂသိန် ဖြေထားတာရှိပါတယ်။ ပုဂ္ဂိုလ်၏ မောဟ ဉာဏ်တရား ဥပါဒ်ဆဲကာလ၌မျှလျှင် ဖြစ်လေချုပ်လေ၏ ဆိုတဲ့ အဲဒီ ဥပါဒ် ရေးချ ဥပါဒ်နှင့် သုံးတာ ရှိပါတယ်။ ဘေးဥပါဒ် ကျတော့ ကျွန်တော်တို့က ပ ရေးချ မပါတဲ့ ဥပဒ် နှင့်သုံးလေ့ရှိပါတယ်။ ပ ရေးချ ပါပြီး ဒ မသတ်ဘူးဆိုရင် ဥပဒါန်၊ ပ ရေးချကို ယ သတ်တယ်ဆိုရင် ဥပယ်တံမျဉ် အဲလို သုံးလေ့ရှိတဲ့ အတွက် ဒါ ဥပဒ်ကို ပ ရေးချမပါတဲ့ ဥပဒ်နှင့် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

ဒါက ကောင်စီဖွဲ့စည်းထားတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ကောင်စီဖွဲ့စည်းတဲ့နေရာမှာ ကိုယ်စားလှယ်တွေကို ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်ရ ကိုယ်စားလှယ်လို့ ကျွန်တော် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေဟာ တရားဝင်ကိုယ်စားလှယ် ဖြစ်ရပါမယ်။ အဲဒီမှာ ပုဒ်မ(ခ)၊ ပုဒ်မခွဲ(က) က ဖွဲ့စည်းထားတဲ့ ကောင်စီကို နာယက က ပြန်လည်ပြင်ဆင်တဲ့အခါမှာ အထက်ပါနည်းလမ်းအတိုင်း ပြင်ဆင်ရမယ်လို့ ကျွန်တော်က ဖြည့်စွက်ထားတာဖြစ်ပါတယ်။ အထက်ပါနည်းလမ်းအတိုင်းက ဘယ်လို ပြင်ဆင်၊ ဘယ်လိုဖွဲ့စည်းထားလဲဆိုရင် ပြည်နယ်နှင့်တိုင်းကို ကိုယ်စားပြုတဲ့ ဆေးဆရာတွေကို သူက Election နဲ့ ရွေးထားတာ။ ရွေးချယ်ပြီး ရွေးထားတဲ့အတွက် နာယက သည် ပြန်လည်ပြင်ဆင်ရင် အထက်ပါ Election အတိုင်းကို ရွေးချယ်ရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါက ကျွန်တော် အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ကောင်စီဝင်လစ်လပ်နေရာသည် တိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်ထားတဲ့နေရာဖြစ်လျှင် ယင်းနေရာကို အစားထိုး ရွေးချယ်တင်မြှောက်ရမယ်။ ယင်းတို့က အစားထိုးရွေးချယ်တင်မြှောက်ရမယ်။ ဆိုလိုတာက ကောင်စီဝင် လစ်လပ်သွားတဲ့နေရာက ဝန်ကြီးဌာနကမဟုတ်ဘဲနှင့် တိုင်းရင်းဆေးဆရာတွေက ရွေးချယ်တင်မြှောက် ထားတဲ့ ကိုယ်စားပြုထားတဲ့နေရာဆိုလျှင် ဒီနေရာကို ဒီတိုင်းရင်းဆေးဆရာတွေကပဲ အစားထိုး ရွေးချယ် တင်မြှောက်ရမှာ ဖြစ်ပါတယ်။ နာယက သည် ဝန်ထမ်းကို၊ နိုင်ငံ့ဝန်ထမ်းကို ဒီမှာ ရွေးချယ်ခွင့် မရှိပါဘူး။ ဒါကို ကျွန်တော်က ဆိုလိုခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ကျန်ရှိသော ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ ဒီ အဖွဲ့မှာ ကောင်စီအဖွဲ့မှာ (၄၅)ယောက်ရှိပါတယ်။

(၄၅)ယောက်မှာ နာယကအဖွဲ့က (၁၅)ယောက်ထွက်တဲ့အခါမှာ (၃၀)ကျန်တယ်။ ဒီ (၃၀)နဲ့ပဲ ဆန္ဒမဲနှင့် ရွေးချယ်ရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

ဒါက ဒီကောင်စီက နာယက က ကောင်စီကို ဖွဲ့ပြီးတော့ ကောင်စီကနေပြီးတော့ အလုပ်အမှုဆောင် Work ကို ဖွဲ့တဲ့နေရာမှာ အလုပ်အမှုဆောင်မှာလည်း ကောင်စီဥက္ကဋ္ဌ တွေက ဥက္ကဋ္ဌ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ကလည်း ဒုတိယဥက္ကဋ္ဌ ဖြစ်နေတယ်။ ကောင်စီအတွင်းရေးမှူးတွေကလည်း ဒီ Work မှာ အကုန်လုံးက ကောင်စီထဲက လူတွေချည်းပဲ ဖြစ်နေတဲ့အတွက် ကျွန်တော်တို့က ဒါက။ ဥက္ကဋ္ဌ (၁)ဦး၊ ဒုတိယဥက္ကဋ္ဌ (၂)ဦးနှင့် အဖွဲ့ဝင်၊ ဒီ ဖွဲ့စည်းပုံကို သူက Election နဲ့ ရွေးရမှာဖြစ်တယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေမှာ အလုပ်အမှုဆောင်ဖွဲ့ရာမှာ ကောင်စီအဖွဲ့က ဒီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ တွေကို ဒီလူတွေချည်းပဲ ဖြစ်နေတဲ့အခါကျတော့ ပုဒ်မ ၄၅ အရ အလုပ်အမှုဆောင် ဆုံးဖြတ်ချက်ကို မကျေနပ်တဲ့အခါမှာ အယူခံတဲ့အခါ ပုဒ်မ ၅၅ အရ ကောင်စီရဲ့ အဆုံးအဖြတ်က အပြီးသတ်ဖြစ်တယ်လို့ဆိုတဲ့အတွက် ဒီ အယူခံဝင်တဲ့ လူတွေက အချည်းနှီးဖြစ်နေတယ်။ ဒီလူတွေကပဲ ဆုံးဖြတ်တယ်။ မကျေနပ်ရင် အယူခံဝင်။ ဒီလူတွေချည်းပဲ တင်ရတာဖြစ်တဲ့အတွက် အခု Work Frame ကို ရွေးတဲ့အခါမှာ Election နဲ့ ရွေးရမှာ ဖြစ်တဲ့အတွက် ဥက္ကဋ္ဌ (၂)ဦး၊ ဥက္ကဋ္ဌ (၁)ဦး၊ ဒုတိယဥက္ကဋ္ဌ (၂)ဦး စသည်အားဖြင့် ဒီလို ကျွန်တော်တို့ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော် ရေးထုံးပြင်တာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ပုဒ်မ ၁၅(စ)ကို ပယ်ဖျက်တာ ဖြစ်ပါတယ်။ ရှေ့မှာ ကိုယ်စားလှယ်တော်ကြီးများကလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့က ဒီလူတွေအသက်ကိုကယ်တဲ့ ဆေးဆရာတွေ အရည်အချင်းကို သတ်မှတ်တဲ့နေရာမှာ ကောင်စီက သတ်မှတ်လို့မရဘူး။ ဒါက ဆေးပညာတက္ကသိုလ်တွေကသာ ဆေးပညာနှင့်သက်ဆိုင်တဲ့ တက္ကသိုလ်တွေ၊ ဒီပလိုမာတွေကနေ သတ်မှတ်ပေးပြီးသား ဖြစ်တဲ့အတွက် ဒါ ဆေးဆရာရဲ့ အရည်အချင်းကို သတ်မှတ်ရန်မသင့်တဲ့အတွက် ဒါတွေကို ကျွန်တော်ပယ်ဖျက်ထားခြင်းပဲ ဖြစ်ပါတယ်။ ရှေ့က ကိုယ်စားလှယ်တော်ကြီး တော်တော်များများ ဆွေးနွေးတာ ဖြစ်တဲ့အတွက် ကျွန်တော် အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ မဆွေးနွေးတော့ပါဘူး။

ဒါက ကျွန်တော် ၁၉(ဂ)၊ ၁၉(ဂ)ဟာ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကောင်စီ၏ ခွင့်ပြုချက်မရဘဲ ပြည်ပသို့ (၆)လနှင့်အထက် ထွက်ခွာခြင်း သို့မဟုတ် ခွင့်ရက်ကျော်လွန်၍ ပြည်ပ၌ နေထိုင်ခြင်းဆိုတဲ့ ဒါကတော့ ကောင်စီဝင်အဖြစ်ကနေ ပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပုဒ်မ ၂၁ ဖြစ်ပါတယ်။ ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ -------------

**ဥက္ကဋ္ဌ။** ။ နောက်ထပ် တစ်မိနစ် ထပ်ပေးမယ်။ တစ်မိနစ်အတွင်း ပြီးအောင် ဆွေးနွေးပါ။

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မည်သည့် အစည်းအဝေးတွင်မဆို တက်ရောက်ခွင့်ရှိသူ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို အစားထိုးရွှေ့ပြောင်းကျင်းပရမည်လို့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ အောက်ကအခန်းတွေကတော့ ကျွန်တော် အခန်းခေါင်းစဉ်တွေ ပြင်ဆင်ထားခြင်း

ဖြစ်ပါတယ်။ ဒါ ပုဒ်မ ၃၁(ဂ)က ကျွန်တော် ပုဒ်မ ၁၅ ကို ပယ်ဖျက်ထားတဲ့အတွက် ပုဒ်မ ၃၁(ဂ)နဲ့ (ဃ)ကို ပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။

ဒါက ပုဒ်မ ၄၃ မှာ ကျွန်တော်တို့က ခြွင်းချက်ပြန်ထည့်ပေးထားတာ၊ တိုင်းရင်းသားလူမျိုးတွေ တိုင်းရင်းသားရိုးရာ အစဉ်အလာအတိုင်း ကုသနေတဲ့ တိုင်းရင်းဆေးဆရာတွေကို ကန့်သတ်ကုသခွင့် ရရှိအောင်အတွက် မိမိတတ်မြောက်ထားတဲ့ ဆေးပညာတွေကို ဖော်ပြပြီးတော့ ကောင်စီ သို့မဟုတ် တိုင်းရင်းဆေးဆရာအသင်းတို့ကနေ ပြုလုပ်ကျင်းပတဲ့ သင်တန်း သို့မဟုတ် အရည်အချင်းစစ် စာတွေ့၊ လက်တွေ့ကို စိစစ်ပြီးတော့ ရောဂါအမျိုးအစား၊ ကုသမယ့် ဒေသတွေ၊ နောက် သတ်မှတ်ချက်တွေနှင့် အညီကို ခွင့်ပြုလျှောက်ထားနိုင်တယ်လို့ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။

ဒါ အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဆေးကုသခြင်းနှင့် စပ်လျဉ်း၍ ----------------

**အချိန်၊ ၁၀း၅၁**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ မိခင်နှင့်

ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈ - ၃၉၄

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို ၁၅ - ၆ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၉-၆-၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပေါ်၌ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ မြန်မာစာရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]